ကျောင်းသား ID နံပါတ် ____________

# ကျွန်ုပ်တို့ သင့်အကူအညီလိုပါသည်။

## ...နောက်ပြီး သင်၏အချိန်အတွက် သင့်ကို ပိုက်ဆံပေးပါမည်။

**Successful Families 2020** သည် အမြတ်အစွန်းမယူသည့် အဖွဲ့အစည်းများဖြစ်သည့် IRCO၊ Latino Network၊ Metropolitan Family Service၊ NAYA Family Center နှင့် SEI တို့၏ ပူးပေါင်းဆောင်ရွက်ချက်ဖြစ်ပြီး လူဖြူမဟုတ်သည့် ကျောင်းသားများ၏ ယဉ်ကျေးမှုကို လေးစား အသက်သွင်းကာ ပညာရေးအစီအစဉ်များတွင် ကျင့်သုံးလျှက် ၎င်းတို့၏ ပညာရေး ပိုမိုကောင်းမွန်စေရန် အလေးထားဆောင်ရွက်ပါသည်။

(အောင်မြင်သည့် မိသားစုများ ၂၀၂၀) Successful Families 2020 သည် အပြုသဘောဆောင်သော ကျောင်းပတ်ဝန်းကျင် ပျိုးထောင်ပေးရန်နှင့် လူဖြူမဟုတ်သည့် ကျောင်းသားများ အထက်တန်းကျောင်း အောင်မြင်ကာ ကောလိပ်နှင့် အလုပ်အကိုင်အတွက် အသင့်ဖြစ်နေကြောင်း သေချာရေးအတွက် **David Douglas** ကျောင်းခရိုင်နှင့် ပူးပေါင်းဆောင်ရွက်နေပါသည်။

အမြတ်အစွန်းမယူသည့် ၎င်းအဖွဲ့အစည်းများနှင့် ကျောင်းများ၏ အစီအစဉ်များမှာ ကျောင်းသားများကို ကျောင်းတွင်းကျောင်းပြင် ရှိစဉ် မည်သို့ကူညီကြောင်း ပိုမိုသိရှိရန် United Way of the Columbia-Willamette သည် ၎င်းအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နေပါသည်။ ဤအစီအစဉ်များတွင် ကျောင်းသားများနှင့် မိဘ/အုပ်ထိန်းသူများ၏ အတွေ့အကြုံအကြောင်း ပိုမိုသိရှိရန် ဤအစီအစဉ်များရှိ ကလေးနှင့် လူငယ်များတို့၏ ပညာရေးဆိုင်ရာ အချက်အလက်များကို ကျွန်ုပ်တို့ ရယူရန် သင့်ထံမှခွင့်ပြုချက် တောင်းခံလိုပါသည်။

Earl Boyles မူလတန်းကျောင်း၊ Mill Park မူလတန်းကျောင်း၊ Ron Russell အလယ်တန်းကျောင်း၊ David Douglas အထက်တန်းကျောင်းများရှိ ကျောင်းသားများ၏ ၂၀၁၆-၂၀၁၇၊ ၂၀၁၇-၂၀၁၈ နှင့် ၂၀၁၈-၂၀၁၉ ပညာသင်နှစ်များအတွက် အချက်အလက်များကို မာလ်တ်နိုးမားကောင်တီ ပညာရေးဝန်ဆောင်မှု ခရိုင်မှတဆင့် ကျွန်ုပ်တို့ ကောက်ခံပါမည်။

ကျောင်းသား၏ ပညာရေး၊ ကျောင်းတို့နှင့်သက်ဆိုင်သည် အချက်အလက်များကို ပေးလိုကပေးနိုင်ပြီး မပေးလိုကမပေးဘဲနေနိုင်ပါသည်။ ကျွန်ုပ်တို့ကို ကူညီလိုပါက ဤစာရွက်စာတမ်းများတွင်ပါသည့် သဘောတူခွင့်ပြုချက်ပုံစံကို လက်မှတ်ထိုးပေးပါ။

**အချိန်ပေးသည့်အတွက် ကျေးဇူးတင်ပါသည်။**

# သဘောတူညီချက် ခြုံငုံသုံးသပ်ချက်

အောက်ပါစာမျက်နှာများတွင် မိဘ၊ အုပ်ထိန်းသူနှင့် ကျောင်းသားများမှ ပေးသည့် သဘောတူညီချက်ကို ဖော်ပြထားပါသည်။ သင်သဘောတူပါက သဘောတူညီချက်ပုံစံ နောက်ဆုံးစာမျက်နှာတွင် လက်မှတ်ထိုးပါ။

မိဘ/အုပ်ထိန်းသူသည် ဤပုံစံတွင် လက်မှတ်ထိုးသည့်အခါ သင်သည် -

☐ ကျောင်းတက်ခြင်း၊ အဆင့်များ၊ အမှတ်များ၊ စည်းကမ်းပေးခြင်းနှင့် အတန်းပြီးဆုံးခြင်းစသည့် သင့်ကျောင်းသား၏မှတ်တမ်းများကို (ဝန်ဆောင်မှုပေးသူများနှင့် အကဲဖြတ်သူများဖြစ်သည့်) ကျွန်ုပ်တို့ကို ကြည့်ရှုပြီး အသုံးပြုရန် ခွင့်ပြုခြင်း ဖြစ်ပါသည်

☐ သင် (ကျောင်းသားနှင့်/သို့မဟုတ် မိသားစု) နှင့်သက်ဆိုင်သည့် အကြောင်းများ **Successful Families 2020** နှင့် ပူးပေါင်းဆောင်ရွက်သူများတွင် ရှိခဲ့ပါက သင်၏အတွေ့အကြုံများကို ပိုမိုနားလည်စေရေးအတွက် ကူညီရန် အစီအစဉ်/ဝန်ဆောင်မှု မှတ်တမ်းများကို အသုံးပြုခွင့် ကျွန်ုပ်တို့ကို ပေးခြင်း ဖြစ်ပါသည်

☐ (ကျောင်းသား သို့မဟုတ် မိဘ) မည်သူ၏ အဖြေများကိုမျှ လူသိရှင်ကြား ဖော်ထုတ်မည်မဟုတ်ကြောင်းနှင့် ဆရာဆရာမများ၊ ကျောင်းဝန်ထမ်းများ၊ အခြားမိဘများအား ပြောမည်မဟုတ်ကြောင်းကို နားလည်ထားခြင်း ဖြစ်ပါသည်

☐ မြှင့်တင်သည့်အရာများတွင်ပါရှိသည့် ကျောင်းသားများနှင့်/ သို့မဟုတ် မိဘများ/ အုပ်ထိန်းသူများ၏ ဓာတ်ပုံများ သို့မဟုတ် ဗီဒီယိုများကို (ဝန်ဆောင်မှုပေးသူများနှင့် အကဲဖြတ်သူများဖြစ်သည့်) ကျွန်ုပ်တို့ကို အသုံးပြုခွင့်ပေးခြင်း ဖြစ်ပါသည်

☐ ကျောင်းသား၏ပညာရေးဆိုင်ရာအချက်အလက်များကို ပြောလိုက ပြောပြပြီး မပြောလိုပါက မပြောပြဘဲနေနိုင်ကြောင်းနှင့် **503-226-9357** ရှိ (အာလေဟန်းဒြို ကဲရဲလ်) **Alejandro Queral** ထံ အချိန်မရွေးဖုန်းဆက်ကာ ရပ်စဲနိုင်ကြောင်း နားလည်ထားခြင်းဖြစ်ပါသည်

# သဘောတူညီချက်ပုံစံ

## ဤပူးပေါင်းဆောင်ရွက်ချက်အတွက် ကျောင်းသား၏မှတ်တမ်းများ ထုတ်ပေးရန် အချက်အလက်သိလျက် အထွေထွေသဘောတူညီချက် -

Successful Families 2020- (ကတိနှင့်ဆိုင်သောရပ်ကွက် ဆောင်ရွက်ချက်များ) Promise Neighborhood Initiatives

ဤအချက်အလက်ထုတ်ဖော်မှုသည် (Immigrant and Refugee Community Organization၊ Latino Network၊ Metropolitan Family Service၊ Native American Youth နှင့် Family Center နှင့် Self-Enhancement, Inc. တို့မှပေးသည့်) ပညာရေးနှင့် ယဉ်ကျေးမှုပံ့ပိုးရေး အစီအစဉ်တို့တွင် ပါဝင်သည့် ကျောင်းသားနှင့် မိသားစုများအကြောင်း ဖြစ်ပါသည်။ ကျောင်းသားသည် ၎င်းအစီအစဉ်တစ်ရပ်တွင် စာရင်းပေးထားသောကြောင့် မိဘ/ အုပ်ထိန်းသူများနှင့် ၎င်းတို့၏ကျောင်းသားကို ပညာရေးဆိုင်ရာ မှတ်တမ်းများ အသိပေးရန် ဖိတ်ခေါ်ရခြင်း ဖြစ်ပါသည်။

၎င်းလူငယ်၏ပညာရေးမှတ်တမ်းများကို ကျွန်ုပ်တို့ကို ကြည့်ခွင့်ပြုစေချင်ပါသည်။ ၎င်းမှတ်တမ်းများတွင် ကျောင်းသား၏ ID နံပါတ်၊ အတန်းအဆင့်၊ ကျောင်းတက်မှတ်တမ်း၊ ဘာသာရပ်အဆင့်များနှင့် ပျမ်းမျှအဆင့်၊ စီးပွားရေးအနေအထား၊ သတ်မှတ်ထားသည့်/ အောင်မြင်မှု စမ်းသပ်ချက်အမှတ်များ၊ စည်းကမ်းပေးမှု မှတ်တမ်းနှင့် အတန်းတက်မှုတို့ ပါဝင်နိုင်ပါသည်။ Earl Boyles မူလတန်းကျောင်း၊ Mill Park မူလတန်းကျောင်း၊ Ron Russell အလယ်တန်းကျောင်းနှင့် David Douglas အထက်တန်းကျောင်းတို့တွင် Successful Families 2020 နှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ အစီအစဉ်တွင်ပါဝင်သည့် ကျောင်းသားများ၏ တိုးတက်အောင်မြင်မှု အချက်အလက်များပေးရန် မာလ်တ်နိုးမားကောင်တီ လူမှုဝန်ဆောင်မှုဌာနမှ ကျွန်ုပ်တို့ကို တောင်းဆိုသည့်အတွက် ကျွန်ုပ်တို့ အချက်အလက် အများအပြား ကောက်ခံနေခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့သည် ဤကျောင်းပညာသင်နှစ် (၂၀၁၆-၂၀၁၇)၊ နောက်စာသင်နှစ် နှစ်နှစ် (၂၀၁၇-၁၈ နှင့် ၂၀၁၈-၂၀၁၉) နှင့် အထက်တန်းကျောင်းပြီးရန် မျှော်လင့်ထားသည့် နှစ်တို့အတွင်း ကျောင်းသား၏ မှတ်တမ်းများကို ကြည့်ပါမည်။ နောင်တွင် အချက်အလက်များထပ်မံကောက်ယူရန်အတွက် စစ်တမ်းများကဲ့သို့ အခြားအရာများကိုလည်း ကျွန်ုပ်တို့ အသုံးပြုနိုင်ပါသည်။ ၎င်းမှတ်တမ်းများနှင့်အတူ နောင်စစ်တမ်းများတွင် မိဘများ သို့မဟုတ် ကျောင်းသားမှ ပြောပြချက်များကို လျှို့ဝှက်ထားပါမည်။ ဤလေ့လာချက်တွင်ပါဝင်သည့် သုတေသီများနှင့် ဝန်ဆောင်မှုပေးသူများသာ တစ်စုံတစ်ဦး၏ မှတ်တမ်းများနှင့် စစ်တမ်းအဖြေများကို တွေ့ပါမည်။ မိဘ သို့မဟုတ် ကျောင်းသားအတွက် အမည် သို့မဟုတ် ကိုယ်ရေးကိုယ်တာ အချက်အလက်များပါသည့် မှတ်တမ်းများကို ဆရာဆရာမများ၊ ကျောင်းဝန်ထမ်း၊ သို့မဟုတ်အခြားမိဘများအား ကျွန်ုပ်တို့ ပြောပြမည် မဟုတ်ပါ။

ထိုကျောင်းများရှိ Successful Families 2020 နှင့် ပူးပေါင်းဆောင်ရွက်သည့် အဖွဲ့အစည်းများ၏ အစီအစဉ်များတွင်ပါဝင်သူ ကျောင်းသားများနှင့်/ သို့မဟုတ် မိဘများ၏ ဓာတ်ပုံများနှင့် ဗီဒီယိုများကို ကျွန်ုပ်တို့အား ထုတ်ဖော်ရန် ခွင့်ပြုစေလိုပါသည်။ ဤသဘောတူခွင့်ပြုချက်တွင် လက်မှတ်ထိုးခြင်းဖြင့် ကျောင်းသားနှင့် မိဘသည် IRCO၊ Latino Network၊ Metropolitan Family Service၊ Native American Youth and Family Center၊ Self-Enhancement, Inc. နှင့် United Way of the Columbia-Willamette တို့မှ ယနေ့မှစပြီး သရုပ်ပြချက် သို့မဟုတ် ရေးသားပုံနှိပ်ချက်၊ ဇာတ်လမ်း သို့မဟုတ် သတင်း၊ အင်တာနက် အသုံးပြုမှု၊ ရုပ်မြင်သံကြား/ရေဒီယို တင်ပြကွက်များနှင့် ဆက်စပ်၍ဖြစ်စေ၊ သီးခြားဖြစ်စေ သို့မဟုတ် ကြော်ငြာမှု၊ ကြော်ငြာ သို့အဟုတ် အခြားတရားဝင် ရည်ရွယ်ချက်အတွက် ဖြစ်စေ ၎င်းကိုရိုက်ကူးထားသော ဓာတ်ပုံများ၊ ရုပ်ရှင်များ၊ ဗီဒီယိုများနှင့်/ သို့မဟုတ် အသံဖမ်းထားချက်များကို မူပိုင်ခွင့်၊ ထုတ်ဝေခွင့်၊ အသုံးပြုခွင့်၊ ရောင်းချခွင့် သို့မဟုတ် လွှဲပြောင်းခွင့် ပြုကြောင်း သဘောတူ ခွင့်ပြုခြင်း ဖြစ်ပါသည်။ (မိဘ/အုပ်ထိန်းသူ) သင်လက်မှတ်ထိုးခြင်းသည် ထိုသို့အသုံးပြုခြင်းအပေါ် လျော်ကြေးတောင်းဆိုမှု အားလုံးမှ ကင်းလွတ်ခွင့်ပေးခြင်းဖြစ်ပြီး မိဘ သို့မဟုတ် ကျောင်းသားကိုမြင်နိုင်သည့် ဓာတ်ပုံ သို့မဟုတ် ဗီဒီယိုများနှင့်ဆက်စပ်၍ အသုံးပြုနိုင်သော နောက်ဆုံးကြော်ငြာမိတ္တူကို စစ်ဆေးပိုင်ခွင့်နှင့်/ သို့မဟုတ် ခွင့်ပြုပိုင်ခွင့်တို့ကို လက်လွှတ်လိုက်ခြင်း ဖြစ်ပါသည်။ ၎င်းပူးပေါင်းဆောင်ရွက်သူများကို ဓာတ်ပုံများနှင့် ဗီဒီယိုများ ထုတ်ပေးရန် စည်းကမ်းများအပေါ် သင်သဘောမတူပါက ဤသဘောတူခွင့်ပြုချက်၏ လက်မှတ်ထိုးသည့်အပိုင်းပါ မပါဝင်ရန်ရွေးချယ်ခြင်းအကွက်တွင် အမှတ်အသား ပြုလုပ်နိုင်ပါသည်။

သင့်မိသားစု၏မှတ်တမ်းများနှင့် ဓာတ်ပုံများကို ထုတ်ပေးလိုက ထုတ်ပေးနိုင်ပြီး ထုတ်မပေးလိုပါက ထုတ်မပေးဘဲ နေနိုင်ပါသည်။ သင်၏လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်းမှ ပြုလုပ်သည့် အစီအစဉ်များတွင် ပါဝင်ရေးအတွက် မိဘ သို့မဟုတ် လူငယ်နှင့် လူမှုအသိုင်းအဝိုင်းအဖွဲ့အစည်း၊ ကျောင်း သို့မဟုတ် United Way တို့၏ဆက်ဆံရေးအပေါ် ထိခိုက်ခြင်းမရှိဘဲ သင့်အနေဖြင့် မှတ်တမ်းများထုတ်ပေးခြင်းကို အချိန်မရွေးရပ်စဲနိုင်ပါသည်။

သင်တို့တစ်စုံတစ်ဦးမှ ဤသို့အချက်အလက်တောင်းဆိုမှုအပေါ် မေးစရာများရှိပါက 503-226-9357 ရှိ (အာလေဟန်းဒြို ကဲရဲလ်) Alejandro Queral အား ဆက်သွယ်ပါ။

မိဘခွင့်ပြုချက်- အောက်ပါ အဝါရောင်အကွက်တွင် လက်မှတ်ထိုးခြင်းဖြင့် သင်သည် အထက်ပါရေးသားချက်ကို နားလည်ပြီး သင့်ကလေး/လူငယ်အား ၎င်းတို့၏ ပညာရေးနှင့်ဝန်ဆောင်မှု မှတ်တမ်းများကို Successful Families 2020- Promise Neighborhood Initiative အစီအစဉ်ဆောင်ရွက်နေသည့် ဝန်ထမ်းများနှင့် အကဲဖြတ်သူများကို ပေးခွင့်ပြုကြောင်း ပြောဆိုခြင်း ဖြစ်ပါသည်။ သင့်ကျောင်းသား၏ အမည်၊ ID နံပါတ်၊ အတန်းအဆင့်၊ စာမေးပွဲရမှတ်များ၊ ဘာသာရပ်ဆိုင်ရာ အဆင့်များနှင့် ပျမ်းမျှအဆင့်များ၊ အခမဲ့ သို့မဟုတ် လျှော့စျေးဖြင့် နေ့လယ်စာ အနေအထား၊ စီးပွားရေးအနေအထား၊ ကျောင်းတက်မှု အချက်အလက်နှင့် စည်းကမ်းပေးမှု အချက်အလက်များကို David Douglas ကျောင်းခရိုင်၊ United Way of Columbia-Willamette နှင့် ဤအစီအစဉ် အကောင်အထည်ဖော်နေသည့် သုတေသနနှင့် အကဲဖြတ်မှု ဝန်ထမ်းများအကြား ထုတ်ဝေဖလှယ်ခွင့်ပြုခြင်းလည်း ဖြစ်ပါသည်။

မိဘ/အုပ်ထိန်းသူအမည် (အင်္ဂလိပ်စာလုံးအကြီးဖြင့်) | မိဘ/အုပ်ထိန်းသူလက်မှတ် | ရက်စွဲ

ကျောင်းသားအမည် (အင်္ဂလိပ်စာလုံးအကြီးဖြင့်)

**ကျောင်းသား၏အသိအမှတ်ပြုချက် - အောက်ပါ အဝါရောင်အကွက်တွင် လက်မှတ်ထိုးခြင်းဖြင့် သင်သည် အထက်ပါ ရေးသားချက်များကို နားလည်သည်ဟု ပြောဆိုခြင်း ဖြစ်ပါသည်။**

☐ ကျောင်းသားဖြစ်သူ သင်သည် အသက် ၁၈ နှစ်ကျော်ပါက အမှတ်အသား ပြုလုပ်ပါ။

ကျောင်းအမည် | ကျောင်းသား၏ လက်မှတ် | ရက်စွဲ

☐ ဓာတ်ပုံ/ဗီဒီယို ထုတ်သုံးခြင်း မပြုရန် -
ဓာတ်ပုံ/ဗီဒီယို ထုတ်သုံးရန် ခွင့်မပြုလိုပါက ဤအကွက်တွင် အမှတ်အသားလုပ်ပါ။

**စကားပြန်၏အမည်/အဖွဲ့အစည်း - အောက်ပါအဝါရောင်အကွက်တွင် လက်မှတ်ထိုးခြင်းဖြင့် မိဘနှင့် ကျောင်းသားတို့အား ၎င်းတို့နားလည်သည့် ဘာသာစကားဖြင့် အထက်ပါ အချက်အလက်များကို အပြည့်အဝ ရှင်းပြပြီးဖြစ်ပြီး ၎င်းတို့၏ မေးခွန်းများကို ဖြေပြီးဖြစ်ကြောင်း သင်အတည်ပြုခြင်းဖြစ်ပါသည်။**

စကားပြန်၏အမည်၊ အဖွဲ့အစည်း | စကားပြန်၏လက်မှတ် | ရက်စွဲ